## ဖတ်ဖြစ်အောင် ဖတ်ပါ စာရေးသူ၏ အမှာစာ

အင်္ဂလိပ်စာပညာပေးစာအုပ်တွေထဲက အမှားတွေနဲ့ Facebook ပေါ်က အမှားတွေကို အမျှားအကျိုးအတွက် အပြုသဘော စေတနာနှောလျက် အကိုးအကားအထောက်အထား (references) အစုံအလင်နဲ့ ထောက်ပြပြုပြင်ပေးထားပါတယ်။ အမှားအများစုဟာ ပညာပေးစာအုပ်တွေထဲကပါ။ အများစု မှားလေ့ရှိတဲ့ အရိုးစွဲအမှားတွေ (fossilized errors) ကို checks and balances အနေနဲ့ မူရင်းစာရေးသူရဲ့ အမည် မဖော်ပြဘဲ ထောက်ပြပါရစေ။ သုတေသနလုပ်လိုသူတွေအနေနဲ့ မူရင်းစာအုပ်တွေနဲ့ post တွေကို အလွယ်တကူ ခြေရာခံရှာဖတ်လို့ရအောင်နဲ့ credit ပေးရာရောက်အောင် (to give credit where it's due) စာအုပ်အမည်၊ ဘွဲ့အမည်၊ စာမျက်နှာနံပါတ်နဲ့ post တင်ချိန်ကို ဖော်ပြပေးထားပါတယ်။

ဒီစာအုပ်မှာ အင်္ဂလိပ်သဒ္ဒါနဲ့ အသုံးအနှုန်း (Grammar & Usage)၊ ပုဒ်ဖြတ်ပုဒ်ရပ် (Punctuation) နဲ့ အထွေထွေကဏ္ဍများ (Miscellaneous Sections) ဆိုတဲ့ ကဏ္ဍ(၃)ခု ခွဲထားပြီး အခန်း(၁၉)ခန်း၊ ဆောင်းပါး(၂၀၀)နီးပါးနဲ့ အမှား(၁၀၀၀)ဝန်းကျင် ပါရှိပါတယ်။ လေ့ကျင့်ခန်း၊ အဖြေနဲ့ အက္ခရာဝလိ စာညွှန်း (alphabetical index) ကိုလည်း ထည့်ပေးထားပါတယ်။ မာတိကာကြည့်ပြီး ဖတ်ချင်တာကို အလွယ်တကူ ရှာဖတ်နိုင်သလို အက္ခရာဝလိ စာညွှန်းကို ကြည့်ပြီးတော့လည်း ရှာဖတ်ရလွယ်အောင် စီစဉ်ပေးထားပါတယ်။

နိုင်ငံတကာပညာရေး/သင်ကြားရေးလောကမှာ လက်ခံသုံးစွဲတဲ့ အင်္ဂလိပ်အဘိဓာန်များ၊ အင်္ဂလိပ်သဒ္ဒါ/အသုံးအနှုန်း/ဝေါဟာရစာအုပ်များ၊ ဆောင်ရန်ရှောင်ရန် အမှားအမှန်စာအုပ်များ၊ IELTS/KET/PET စာမေးပွဲအထောက်အကူပြုစာအုပ်များ စတဲ့ ကျမ်းမျိုးစုံကို မှီငြမ်းပြီးတော့ အမှားထောက်ပြ အမှန်ပြင်ပေးထားပါတယ်။ ကျမ်းအသီးသီးရဲ့ မူလအာဘော်အတိုင်း screenshot အကိုးအကားနဲ့ တင်ပြထားတာပါ။ မှီငြမ်းကိုးကားတဲ့ ကျမ်းကြီးကျမ်းခိုင်တွေရဲ့ ebook/PDF (၁၀၀)ကျော်ကို Telegram QR code ကနေ download ဆွဲယူဖတ်ရှုပါ။

ပညာရေးလောက တိုးတက်စေဖို့ ရည်သန်ပြီး ဒီစာအုပ်ကို ပြုစုပါတယ်။ ပမာဒလေခ ဖြစ်သွားတာများ ရှိလို့ရှိရင် ခိုင်မာတဲ့ အကိုးအကားတွေနဲ့ ပြန်လည်ထောက်ပြနိုင်ပါတယ်။ အလျဉ်းသင့်သလို ပြင်ဆင်ဖြည့်စွက်သွားမှာပါ။ အားလုံးကို ကျေးဇူးတင်လေးစားလျက်ပါ။

ဆရာချမ်းဇော်ထက်

# The English Error Encyclopedia

**1000+ Quick Grammar Fixes** **100+ Free Reference Ebooks**

This practical, user-friendly guide empowers you with the core skills to speak and write English fluently, accurately, and confidently—whether you're a student, teacher, professional, or lifelong learner.

**Key Features:**

- **Spot and fix** 1000+ common grammar and usage errors
- **Grasp** the "why" behind tricky rules with clear, simple explanations
- **Learn** effectively through real-world examples and handy tips
- **Challenge** yourself with targeted, skill-building exercises
- **Reinforce** your learning with exclusive digital resources

Perfect for self-study, classroom use, and quick reference, this all-in-one resource belongs at your fingertips—transforming every mistake into a learning opportunity. Happy and successful learning!